# စစ်ကိုင်း၊ ရွှေဘို အမျိုးသားနိုင်ငံရေးအင်အားစုများ တွေ့ဆုံရှင်းလင်းပွဲကျင်းပ




ဇွန်လ ၇ ရက် ကြာသပတေးနေ့ နံနက် (၈း၃၀)နာရီတွင် စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့ မောဓောမြင်သာမြို့ထောင် စေတီတော်ရှိ ဇာတ်ရုံ၌ အမျိုးသားနိုင်ငံရေးအင်အားစုများ၏ အမျိုးသားရေး တွေ့ဆုံရှင်းလင်းပွဲအား ကျင်းပပြုလုပ် ခဲ့သည်။

အခမ်းအနားမှူးအဖြစ် (၈၈)မျိုးဆက်ကျောင်းသားလူငယ် ကိုသန်းဦးမှ ဆောင်ရွက်ပေးခဲ့သည်။ အခမ်းအနားစီစဉ် ကျင်းပရခြင်းအကြောင်းကို အထက်မြန်မာပြည်တာဝန်ခံ ဦးလှမြင့်မှ ရှင်းလင်းတင်ပြပြီးသည့်နောက် ဝံသာနု NLD ဒေါက်တာစိုးလင်း၊ အမျိုးသားနိုင်ငံရေးလူငယ် NLD ကိုဝင်းဇော်၊ မန္တလေးတိုင်း နုတ်ထွက် NLD များကိုယ်စား ဒေါ်နန်းရွှေကြာ၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ အမျိုးသားရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ကိုရဲထွန်း၊ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒလေ့လာရေး ကျောင်းတော်သားစုမှ ဦးလှသိန်း၊ နိုင်ငံရေး ဘောဂဗေဒလေ့လာရေး ကျောင်းတော်သားစုမှ ဦးအုန်းလွင်၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး သုတေသနနှင့် တိုးချဲ့ထုတ်လုပ်ရေး ကျောင်းတော်သားစုမှ ဦးလှမြင့်၊ အမျိုးသားညီလာခံ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်အဖွဲ့မှ ဦးသိန်းကြည်၊ ဒီမို NLD (စစ်ကိုင်းတိုင်း)မှ ဦးဘိုမောင်း၊ အမျိုးသားနိုင်ငံရေး အင်အားစုများ ပူးတွဲလုပ်ငန်းကော်မတီ အောက်မြန်မာပြည်တာဝန်ခံ ကိုအေးလွင်တို့မှ အမျိုးသားနိုင်ငံရေး လှုပ်ရှားမှုများအကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။



ဆက်လက်၍ တက်ရောက်လာကြသော ဒေသခံပြည်သူများ၏ မေးမြန်းချက်များအား အမျိုးသားနိုင်ငံရေး အင်အားစုများမှ ပြန်လည်ဖြေကြားခဲ့သည်။ ထို့နောက် စာနယ်ဇင်းဆရာ ဆရာမများ၏ မေးမြန်းချက်များအား အမျိုးသား နိုင်ငံရေးအင်အားစုများမှ ပြန်လည်ဖြေကြားရှင်းလင်းပြီးနောက် အမျိုးသားနိုင်ငံရေး တွေ့ဆုံပွဲအခမ်းအနားကို နေ့လယ် (၁း၀၀)နာရီတွင် ရုပ်သိမ်းခဲ့သည်။